# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်
## ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ

- အကျဉ်းချုပ်
- လူ့အခွင့်အရေး ချိုးဖောက်မှုများ
- မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ
- နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၁,၅၈၂+ သတ်ဖြတ်ခံရ

၁၂,၃၉၆+ ဖမ်းဆီးခံခဲ့ရ

၇,၀၁၆+ ချုပ်နှောင်ခံထားရဆဲ

၁,၉၅၄+ ဖမ်းဝရမ်းထုတ်ခံရ

## နှစ်ခြောက်လုံးလူထုအရေးတော်ပုံနေ့ ဆန္ဒပြပွဲကို အကြမ်းဖက်စစ်တပ်မှ ဖြိုခွင်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

အရှိန်အဟုန်ဖြင့် ဆက်လက်လှုပ်ရှားနေသော ဆန္ဒပြပွဲများနှင့် စည်းရုံးလှုံ့ဆော်မှုများဖြင့် နွေဦးတော်လှန်ရေး၏ စွမ်းအားကို ရှင်းလင်းပြတ်သားစွာ တွေ့ရသည်။ နိုင်ငံလုံးဆိုင်ရာ အထွေထွေသပိတ်ကြီး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြီးခဲ့သည့်နှစ်တွင် ကျင်းပခဲ့သော ၂၀၂၁ ခုနှစ် 'နှစ်ငါးလုံးလူထုအရေးတော်ပုံ' နှစ်ပတ်လည်နေ့အဖြစ် 'နှစ်ခြောက်လုံး လူထုအရေးတော်ပုံနေ့' အထိမ်းအမှတ်ကို ကျင်းပခဲ့သည်။ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို အဆုံးသတ်ရန် တောင်းဆိုသည့် ပိုစတာများနှင့် ဆိုင်းဘုတ်များကို စစ်အာဏာရှင် ဆန့်ကျင်ဆန္ဒပြသူများသည် ဂုဏ်ယူစွာ ကိုင်ဆောင်၍ ဆန္ဒပြခဲ့ကြသည်။ ပန်းများပန်ဆင်ခြင်းနှင့် ရိုးရာသနပ်ခါးများ လိမ်းခြယ်ကာ လက်သုံးချောင်းထောင်ခြင်းကို ဆန့်ကျင်အံ့တုမှုအဖြစ် ရှုမြင်ကြသည်။ ပြီးခဲ့သည့်နှစ်တွင် မကောင်းဆိုးဝါးများကို မောင်းထုတ်ရန် အိုးနှင့် သံဗုံးတီးခြင်းသည် ထင်ရှားသော အကြမ်းမဖက်သည့် ဆန္ဒပြမှုဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ အကျဉ်းထောင်အသီးသီးတွင် ထိန်းသိမ်းခံထားရသော နိုင်ငံရေးအကျဉ်းသားများသည် ငါးမိနစ်ခန့် အသံတိတ်နေခြင်းဖြင့် ပါဝင်ရန် နည်းလမ်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ ပြည်သူများမှလည်း အာဏာရှင်ဆန့်ကျင်ရေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် စာတန်းများကို ချိတ်ဆွဲခဲ့ကြသည်။

ငြိမ်းချမ်းစွာ ဆန္ဒပြပွဲသည် ပါဝင်သူအားလုံး၏ ရပိုင်ခွင့်များကို ဆန္ဒထုတ်ဖော်သည့် နေရာဖြစ်သည်။ သို့သော်လည်း စစ်အာဏာရှင်သည် မတရား အကြမ်းဖက်ဖြိုခွင်းခဲ့သည်။ တနင်္သာရီနှင့် စစ်ကိုင်းတိုင်းဒေသ ကြီးအပါအဝင် ငြိမ်းချမ်းစွာ ဆန္ဒပြသူ ဒါဇင်နှင့်ချီ ဖမ်းဆီးခံခဲ့ရသည်။

> **ပြည်သူများသည် နိုင်ငံတကာမှ  အသိအမှတ်ပြုထားသော အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်ခံရသောကြောင့် အကြမ်းဖက်စစ်တပ်မှ ၎င်းချိုးဖောက်မှုများအတွက် အမြန် တာဝန်ခံရန် လိုအပ်သည်။**

အဓိကရုဏ်းနှိမ်နင်းရေး ဝတ်စုံဝတ်ဆင်ထားသည့်  အကြမ်းဖက်တပ်ဖွဲ့ဝင်များသည် မွေးနေ့ပါတီကျင်းပနေသည့် လူငယ် ၃၄ ဦးအား သပိတ်လှုံ့ဆော်မှု စွဲချက်ဖြင့် အကြမ်းဖက် စီးနင်းခဲ့သည်။  ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့်

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HURFOM မှ ဖမ်းဆီးမှုများနှင့် ဆက်စပ်၍ ဖမ်းဝရမ်း ထုတ်ထားခြင်းမရှိကြောင်း ထုတ်ပြန်ခဲ့သည်။ ဖမ်းဆီးထားသူများအား လောင်းလုံမြို့နယ် ရဲစခန်းတွင် ထိန်းသိမ်းထားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ဆိုင်ကယ်စီး အမျိုးသမီးနှစ်ဦး အာဏာရှင်ဆန့်ကျင်ရေး နှိုးဆော်စာများဖြန့်ကြဲစဉ် အကြမ်းဖက်စစ်တပ်မှ ကားဖြင့်တိုက် ဖြိုခွင်းရာ နှစ်ဦးစလုံး ဆိုင်ကယ် ပေါ်မှ လဲကျသွားခဲ့သည်။ ထိုကဲ့သို့ဖြစ်ပြီးပြီးနောက် အမျိုးသမီးငယ်တစ်ဦးမှာ ကိုယ်ဝန် ပျက်ကျသွားခဲ့သည်။

အပြစ်မဲ့ အရပ်သားပြည်သူများအပေါ်  မတရားပြုမူခြင်းသည် စစ်အာဏာရှင်မှ မည်သည့်အခါမှ ဖုံးကွယ်ထားခြင်းမရှိသော ရက်စက်ကြမ်းကြုတ်မှု တစ်ဖန်ပြနေသကဲ့သို့ ဖြစ်နေသည်။

# လူ့အခွင့်အရေးချိုး ဖောက်မှုများ

ကရင်နီ (ကယား) ပြည်နယ်တွင် လေကြောင်းဖြင့်တိုက်ခိုက်ခံရ နေရပ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်ရ

**ကနီမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး။** အိုင်တောင်အနောက်ရွာမှ လူနေ အိမ် ၁၄ လုံး မီးရှို့ခံရသည့်အပြင် ပရဟိတသမား ပြည်သူတစ်ဦးကို အကြမ်းဖက်စစ်တပ်မှ သတ်ဖြတ်ခဲ့သည်။

**နဂါးတောင်ကျေးရွာ ကရင်ပြည်နယ်။** ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်သည် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ အမျိုးသမီးငယ်တစ်ဦးအပါအဝင် အရပ်သား အနည်းဆုံး ၃ ဦးသေဆုံးခဲ့သည်။

**မန္တလေး။** မန္တလေး နန်းတွင်းစစ်ကြောရေးစခန်းတွင် အမျိုးသမီး ၁ ဦးနှင့် အမျိုးသား ၂ ဦးသည် အကြမ်းဖက်စစ်တပ်၏ တပ်ဖွဲ့ဝင်များမှ အဓမ္မပြုကျင့်ခဲ့သည်။

**မိုးဗြဲ၊ ကရင်နီ ပြည်နယ်။** ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အကြမ်းဖက် စစ်တပ်များကြား တိုက်ပွဲ ပြင်းထန်နေချိန် အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူများကို ပစ်မှတ်ထားသော လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

**မုံရွာမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး။** ဆိုင်ကယ်စီး ကိုယ်ဝန်သည် အမျိုးသမီးငယ်တစ်ဦးသည် အာဏာရှင်ဆန့်ကျင်ရေးနှိုး ဆော်စာများကို ဖြန့်ကြဲစဥ် အကြမ်းဖက်စစ်တပ်မှ ကားဖြင့်တိုက် ဖြို့ခွင်းသောကြောင့် ဆိုင်ကယ်ပေါ်မှ လဲကျပြီး ကိုယ်ဝန်ပျက်ကျသွားခဲ့သည်။

**ပူတာအို ကချင်ပြည်နယ်။** တိုက်ပွဲများဖြစ်ပွားပြီးနောက် အကြမ်းဖက်စစ်တပ်သည် လေယာဥ်ဖြင့် ၁၅ ကြိမ်ထက်မနည်းဗုံးကြဲ တိုက်ခိုက်သောကြောင့် အရပ်သားပြည်သူ ထောင်နှင့်ချီ၍ တောတောင်ထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

ဇန်နဝါရီ ၃၁ ရက်အထိ ခန့်မှန်း လူဦးရေ ၄၄၁,၅၀၀ သည် မြန်မာနိုင်ငံတွင်း တွင် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ကရင် ပြည်နယ်

တပ်ရင်း ၄ တပ်ရင်းအပြင် အကြမ်းစစ်တပ်၏ အခြေစိုက်စခန်းသည် ၂၈ ခုမှ ၃၂ ထိတိုးလာသောကြောင့် ကရင်အမျိုးသား အစည်းအရုံး KNU သည် စစ်အာဏာရှင်အား ခုခံတိုက်ခိုက်မှု ပိုမိုအားကောင်းလာနေသည်။

**ထပ်မံဖတ်ရှုရန်**

## ကရင်နီ (ကယား) ပြည်နယ်

မိုးဗြဲမြို့တွင် ကရင်နီပြည်သူ့ကွယ်ရေးတပ် (PDFs ) ပူးပေါင်းတပ်ဖွဲ့များနှင့် အကြမ်းဖက်စစ်တပ်တို့ကြား တိုက်ပွဲများ ပြင်းထန်ပြီးနောက်အကြမ်းဖက်စစ်တပ်၏ လေကြောင်းဖြင့် တိုက်ခိုက်မှု တဖန် ပြန်လည်စတင်ခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးသည် စစ်အစိုးရ၏ အကြမ်းဖက် တိုက်ခိုက်မှုဒဏ်ကို အခံရဆုံး ဒေသ တစ်ခုဖြစ်သည်။ လက်နက်ကိုင် ပဋိပက္ခ တည်နေရာနှင့် အဖြစ်အပျက် ဒေတာများ (ACLED) စီမံကိန်းအရ အထူးသဖြင့် စစ်အာဏာရှင်ကို ခုခံတော်လှန်ရာတွင် အောင်မြင်ခဲ့သည့်ဒေသများတွင် အကြမ်းဖက်စစ်တပ်၏ ကျူးလွန်နေသော အကြမ်းဖက် လုပ်ရပ်များ ပိုမိုဆိုးရွားလာနေသည်။

**ထပ်မံဖတ်ရှုရန်**



## ကရင်ပြည်နယ်

တပ်ရင်း ၄ တပ်ရင်းအပြင် အကြမ်းစစ်တပ်၏ အခြေစိုက်စခန်းသည် ၂၈ ခုမှ ၃၂ ထိတိုးလာသောကြောင့်ကရင်အမျိုးသားအစည်းအရုံး KNU သည် စစ်အာဏာရှင်အား ခုခံတိုက်ခိုက်မှု ပိုမိုအားကောင်းလာနေသည်။တပ်မဟာ ၅ ဒေသတွင် အကြမ်းဖက်စစ်တပ်အင်အား ၄၀၀၀ ခန့်ရှိသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ တစ်လတာအတွင်း အာဏာသိမ်းစစ်တပ်နှင့် ၎င်းတို့လက်အောက်ခံ နယ်ခြားစောင့်တပ်(BGF) တပ်ဖွဲ့နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်–KNLA တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲပေါင်း ၃၂၂ ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့ ဘုရားသုံးဆူမြို့နယ်မှ ၃ ကီလိုမီတာအကွာ နာဂါးတောင်ကုန်းတွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ အရပ်သား ၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ မက်ခထာဒေသခံ မီးဖွားပြီး ၂ ရက်သာရှိသေးသော အမျိုးသမီးငယ်တစ်ဦး၊ နေ့စားအလုပ်သမား နိုင်သစ်နှင့် စောဖဒိုတို့မှာ လက်နက်ကြီးကျရောက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည်။ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာများမှ အိမ်ခြေပေါင်း ၁၂၀ သည် KNU တပ်မဟာ ၄ သို့ ထွက်ပြေးခိုလှုံခဲ့ရသည်။

ကရင်အမျိုးသားအစည်းအရုံး KNU မှ အာဏာသိမ်းစစ်တပ်နှင့် ၎င်းတို့၏ လက်အောက်ခံ နယ်ခြားစောင့်တပ်(BGF) ကို ကရင့်နယ်မြေအတွင်းမှ ထွက်ခွာရန် သတိပေးခဲ့သည်။



# ကရင်နီ (ကယား) ပြည်နယ်

မိုးဗြဲမြို့တွင် ကရင်နီပြည်သူ့ကာကွယ်ရေးတပ် (PDFs ) ပူးပေါင်းတပ်ဖွဲ့များနှင့် အကြမ်းဖက်စစ်တပ်တို့ကြား တိုက်ပွဲများပြင်းထန်ပြီးနောက်အကြမ်းဖက်စစ်တပ်သည် လေကြောင်းဖြင့် တစ်ဖန် ပြန်လည်တိုက်ခိုက်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ စတင်ပြီး အကြမ်းဖက်စစ်တပ်သည် မိုးဗြဲအနီးအနားရှိ ကျေးရွာများသို့ဝင်ရောက်ခဲ့ပြီး လေကြောင်းနှင့်မြေပြင်တိုက်ခိုက်မှုကို နေ့စဉ်ရက်ဆက် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ကရင်အခြစိုက်PDFs ထုတ်ပြန်ချက်အရ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်သား ၂ ဒါဇင်ကျော်ကို သုတ်သင်နိုင်ခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုကြားမှ ပြည်သူများ၏ပြောကြားချက်အရ လက်နက်ကြီး ပေါက်ကွဲမှုအရှိန်ကြောင့် ၎င်းတို့၏ အိမ်များပါတုန်ခါသွားခဲ့သည်။ ထောင်ပေါင်းများစွာသော အရပ်သားများသည် ဘေးကင်းလုံခြုံရေးအတွက် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သို့သော်လည်း စစ်ရေးရေးဂိတ်များစွာကို ဖြတ်ကျော်ခဲ့ရပြီး စစ်သားများ၏ ခြိမ်းခြောက် ငွေကြေးတောင်းခံမှုအပါဝင် အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရသည်။

မြေလှန်စနစ်ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ကရင်နီပြည်သူများ၏ အနာဂတ်အတွက် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်စေသည်။ နှစ်စကတည်းမှစတင်၍ စစ်ဘေးရှောင်စခန်းများသည် လေကြောင်းဖြင့် တိုက်ခိုက်မှုများ ခံခဲ့ရပြီး ထောင်နဲ့ချီ ထွက်ပြေးခဲ့ရသည်။ စိတ်ဒဏ်ရာဖြင့် အသက်ရှင်ကျန်ရစ်သူများသည် မိသားစုဝင်များကို ဆုံးရှုံးခဲ့ရပြီး ပြည်တွင်းစစ်၏ ဆိုးရွားလှသော သက်ရောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို အနီးကပ် မျက်မြင်တွေ့ခဲ့ရသည်။



# စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးသည် စစ်အစိုးရ၏ အကြမ်းဖက် တိုက်ခိုက်မှုဒဏ်ကို အခံရဆုံး ဒေသ တစ်ခုဖြစ်သည်။ လက်နက်ကိုင် ပဋိပက္ခ တည်နေရာနှင့် အဖြစ်အပျက် ဒေတာများ (ACLED) စီမံကိန်းအရ အထူးသဖြင့် စစ်အာဏာရှင်ကို ခုခံတော်လှန်ရာတွင် အောင်မြင်ခဲ့သည့် ဒေသများတွင် အကြမ်းဖက်စစ်တပ်၏ ကျူးလွန်နေသော အကြမ်းဖက်လုပ်ရပ်များ ပိုမိုဆိုးရွားလာနေသည်။ အရပ်သားပြည်သူများသည် ပြည်တွင်းစစ်၏ အကျိုးသက်ရောက်မှုများကို ဆိုးဆိုးရွားရွား ဆက်လက် ခံစားနေရသည်။

စစ်ကိုင်းတိုင်းဒေသ ကြီးရှိ ကျေးရွာတစ်ရွာသို့ ဝင်ရောက်စီးနင်းမှုအတွင်း ဇနီး၊ သားနှင့်သမီးများ ဆုံးရှုံးရသည့်အတွက် ဝမ်းနည်းပူဆွေးနေသော အမျိုးသားတစ်ဦးသည် စပ်သားများထံ ပြေးလာကာ ၎င်းအားပစ်သတ်ရန် တောင်းဆိုခဲ့သည် အကြမ်းဖက်စစ်တပ်၏ ပို၍ ဆိုးရွားသော အကြမ်းဖက်မှုများ တိုးလာနေပြီး ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်သော ဆက်လက် ထွက်ပေါ်လာနေသည်။ မည်သည့်အရပ်သားမှ မလုံခြုံ၊ မည်သူမှ အသက်အပိုမပါပါ။

ထို့ပြင် စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်အတွင်းရှိ အိုင်တောင် အနောက်ရွာကို အကြမ်းဖက်စစ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့ရာ ပြည်သူပိုင်နေအိမ် တစ်ဒါဇင်ကျော် ပျက်ဆီးခဲ့ပြီး ဒေသခံများ ထပ်မံထွက်ပြေးခဲ့ရသည်။ ချောင်းဦးကျေးရွာတွင်လည်း အကြမ်းဖက်စစ်တပ်မှ နေအိမ် ၄၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဝင်ရောက်စီးနင်းမှုနှင့်အတူ ငွေသား၊ အဖိုးတန်ပစ္စည်းများနှင့် တိရစ္ဆာန်များ အပါအဝင် အရပ်သားများ၏ ပစ္စည်းများ ခိုးယူခံခဲ့ရသည်။

# နေ့စဉ်အလိုက် မှတ်တမ်းများ

ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မှ ၂၇ ရက်

**၂၁** ရိုဟင်ဂျာ လူမျိုးတုံး သတ်ဖြတ်ခံရသည့် စွပ်စွဲချက်နှင့် ပတ်သက်ပြီး နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ ICJ နိုင်ငံတကာတရားရုံးတွင် အကြမ်းဖက် စစ်ကောင်စီ ကိုယ်စားပြု ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

**၂၂** မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)ကို ပိတ်ဆို့ အရေးယူရန် ဖိအားပေးမှုများ ဆက်တိုက်ရှိလာပြီးနောက် ဥရောပသမဂ္ဂမှ MOGE ကို အရေးယူ ပိတ်ဆို့ခဲ့သည်။

**၂၃** မတူပီမြို့နယ်တွင် ကုန်ဈေးနှုန်းတက်ခြင်း၊ စစ်တပ်မှ လမ်းများပိတ်ဆို့ခြင်းနှင့် ကုန်စည်ဝင်ရောက်မှုကို ကန့်သတ်ခြင်းများကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့မှ  သတင်းထုတ်ပြန်ခဲ့သည်။

**၂၄** ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ပြီး ထောင်ဒဏ် ၁ နှစ် ချမှတ်ခံခဲ့ရသော ကျောင်းသားခေါင်းဆောင် ကိုမင်းသွေးသစ် ပြန်လည်လွတ်မြောက်လာခဲ့သည်။

**၂၅** ကရင်နီ ပြည်နယ် ဒီမောဆိုမြို့နယ်တွင် အကြမ်းဖက်စစ်တပ်၏ လေကြောင်းဖြင့် ထပ်မံတိုက်ခိုက်မှုကြောင့် အရပ်သား ၃ ဦးသေဆုံးခဲ့ပြီး ၅ ဦးနှင့်အထက်သေဆုံးခဲ့သည်။

**၂၆** တနင်္သာရီတိုင်း၊ ထားဝယ်မြို့တွင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ တက္ကသိုလ် ကျောင်းသား၊ကျောင်းသူ လူငယ် ကိုးဦးကို အကြမ်းဖက်စစ်ကောင်စီမှ အလုပ်နှင့် ထောင်ဒဏ် ကိုးနှစ်စီ အမိန့် ချမှတ်လိုက်ကြောင်း ထားဝယ် နိုင်ငံရေး အကျဉ်းသားများ ကွန်ရက် (DPPN) မှ  ထုတ်ပြန်သည်။

**၂၇** လတ်တလောတွင် ဒုတိယဗိုလ်မှူးကြီးအဆင့် နှစ်ဦး အကြမ်းဖက်စစ်အာဏာရှင်ကို ဆန့်ကျင်ပြီး စစ်တပ်ကို စွန့်ခွာခဲ့သည်ဟု ပြည်သူ့စစ်သားမှ ထုတ်ပြန်ခဲ့သည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma